

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

**HR-HQ VA No. 121.1 – Health Educator**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## ကျန်းမာရေးအသိပညာပေးတာဝန်ခံ

**အရေအတွက်** : **(၃) ဦး**

**အစီရင်ခံတင်ပြမှု** : **ကျန်းမာရေးအရာရှိ**

**ဌာန** : **ကျန်းမာရေးဌာန**

**စီမံကိန်း/စီမံချက်** : **ရွေ့လျားဆေးဘက်ဆိုင်ရာအဖွဲ့**

**တာဝန်ကျရာနေရာ** : **နေပြည်တော်/ ရန်ကုန်**
**(နိုင်ငံအတွင်းရှိ တိုင်း/ ပြည်နယ်များသို့ ကွင်းဆင်းဆောင်ရွက်ရန်)**

**အဆင့်** : **C-2**

**အကျိုးခံစားခွင့်များ** : **လစာ + ခရီးစရိတ်ထောက်ပံ့ကြေး + ကျန်းမာရေးအကျိုးခံစားခွင့်ထောက်ပံ့ကြေး + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ် ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အိမ်ပြန် နားရက်ခံစားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစ ကလေးအားပြုစုခွင့် + သွေးလှူရှင်ခွင့် + ခရီးသွားစားရိတ် + ကျန်းမာရေး အာမခံနှင့် စုပေါင်းအသက်အာမခံ + စွမ်းဆောင်ရည်မြင့် သင်တန်းများ**

**လျှောက်လွှာပိတ်ရက်** : **၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ(၁၁) ရက်၊ (၁၆:၃၀)နာရီ**

**<u>စီမံကိန်း၏အကြောင်း</u>**

ရွေ့လျားဆေးဘက်ဆိုင်ရာအဖွဲ့ (Mobile Health Team) သည် သဘာဝဘေးဒဏ်သင့်ဒေသများ၊ အရေးပေါ်အခြေအနေများကြောင့် ခေတ္တနေရပ်စွန့်ခွာလာသူများတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ၊ ဆေးကုသမှုများချက်ချင်းဆောင်ရွက်ပေးရန်ရည်ရွယ်ပါသည်။ ရပ်ရွာလူထုများသည် ကျန်းမာရေးဝန်ဆောင်မှုများရရှိစေရေး၊ ရှေးဦးပြုစုခြင်းဆိုင်ရာ ဝန်ဆောင်မှုများရရှိစေရေး၊ အဓိကကျသည့် ကျန်းမာရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာအသိပညာ၊ သတင်းအချက်အလက် များရရှိစေရေး၊

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*

ကျန်းမာရေးစောင့်ရှောက်မှု စနစ်တကျခံယူနိုင်ရန် သက်ဆိုင်ရာသို့ညွှန်းပို့ပေးခြင်း၊ SGBV အသက်ရှင် ကျန်ရစ်သူများသည် လုံလောက်သောကျန်းမာရေးဝန်ဆောင်မှုများရရှိစေရေး၊ လူထုအခြေပြု စောင့်ကြည့် သတင်းပို့ခြင်း လုပ်ငန်းစဉ်မှတဆင့် ကျန်းမာရေးအန္တရာယ်များကို အချိန်မီသိရှိနိုင်ရေး၊ ဆင်းရဲချမ်းသာ မရွေး လူတိုင်းလက်လှမ်းမီနိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှု စနစ်ဖြစ်ထွန်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများပူးပေါင်းကာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ရည်ရွယ်ချက်

**ကျန်းမာရေးအသိပညာပေးတာဝန်ခံ**သည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်း များ၏ မူဘောင်အတွင်းမှ ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူများအား လေးစားလိုက်နာခြင်းအားဖြင့် ဦးတည်ကျေးရွာများတွင် ချမှတ်အကောင်အထည်ဖော်မည့် လုပ်ငန်း အစီအစဉ်များဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကျန်းမာရေးအရာရှိအား အကူအညီပေးကာ ဒေသခံအာဏာပိုင် အဖွဲ့အစည်းများ၊ ကျေးလက်ကျန်းမာရေး ဌာနများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

## တာဝန်နှင့်ဝတ္တရားများ

(၁) ကျန်းမာရေးအသိပညာပေးတာဝန်ခံ သည် ကျန်းမာရေးအရာရှိ ၏ လမ်းညွှန်မှုကိုခံယူ၍ ဒေသတွင်းရှိ ရွှေ့လျားဆေးကုသခြင်းလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရမည်။

(၂) ကျန်းမာရေးအသိပညာပေးတာဝန်ခံသည် လုပ်ငန်းအစီအစဉ်ရေးဆွဲရေး၊ အကောင်အထည် ဖော်ရေးနှင့် ဆန်းစစ်လေ့လာရေး လုပ်ငန်းများကို ရပ်ရွာအဆင့်တွင် အဓိကတာဝန်ယူ ဆောင်ရွက် ရမည်။

(၃) ဒေသခံပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကိုဖော်ထုတ်၍ ကူညီပံ့ပိုးမှု အထူး ပေးသင့်သောသူများအား ကျန်းမာရေးလုပ်ငန်းများ၊ ရေးဦးပြုစုခြင်းလုပ်ငန်းများနှင့် သဘာဝဘေး ကာကွယ်တားဆီးရေးနှင့် တုန့်ပြန်မှုများကို ဦးစားပေးလုပ်ငန်းများ သတ်မှတ်ရာတွင် ဦးဆောင် ရပါမည်။

(၄) ကျေးရွာများသို့ ရွှေ့လျားဆေးခန်းများဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် သက်ဆိုင်ရာ ဌာနများ၊ ကျေးရွာများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် ပံ့ပိုးကူညီပေးရမည်။

(၅) ရပ်ရွာများတွင် ရှေ့လုပ်ငန်းစဉ်များရေးဆွဲနိုင်ရန် ရပ်ရွာကော်မတီ နှင့် စေတနာ့လုပ်အားရှင်များအား ပံ့ပိုးကူညီပေးရမည်။

(၆) သဘာဝဘေးဒဏ်သင့်ဒေသများ၊ အရေးပေါ် အခြေအနေများကြောင့် ခေတ္တနေရပ် စွန့်ခွာ လာသူများ တွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ၊ ဆေးကုသမှုများ၊ နှင့် အခြား ကျန်းမာရေး လိုအပ်ချက်များအား ရှာဖွေဖော်ထုတ်ရမည်။

(၇) လုပ်ငန်းများ ရေရှည်တည်တံ့စေရန် ရပ်ရွာလူထုများအား စည်းရုံးလှုံ့ဆော်ခြင်းလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးရမည်။

(၈) ကျန်းမာရေးအရာရှိသို့ ကွင်းဆင်းရပ်ရွာများ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများကို သတ်မှတ်ချိန်အတွင်းပေးပို့တင်ပြရမည်။

(၉) ကွင်းဆင်းရပ်ရွာမှ အစီရင်ခံစာများအားသေချာစွာစီစစ်သုံးသပ်ပြီး အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်များ အား ကျန်းမာရေးအရာရှိ သို့ လိုအပ်သလို (Feedback) သတင်းပေးပို့ရမည်။

(၁၀) ရုံးလုပ်ငန်းဖိုင်တွဲများ၊ ပစ္စည်းဖြန့်ဝေမှုစာရင်းများကို စနစ်တကျထိန်းသိမ်းခြင်း၊ မှတ်တမ်းမှန်မှန်ရေးသွင်းခြင်းများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

(၁၁) မြန်မာနိုင်ငံကြက်ခြေနီအသင်းဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုလမ်းညွှန်ကို လိုက်နာရမည်။

(၁၂) ဘတ်ဂျက်ကိုရေးဆွဲထားသောလုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျအသုံးပြုရမည်။

(၁၃) လစဉ်ဘဏ္ဍာရေးအစီရင်ခံစာနှင့် မူရင်းဘောင်ချာများကို ထိရောက်စွာအသုံးပြုနိုင်ရန် ကူညီပံ့ပိုးပေးရမည်။

(၁၄) မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အလှူရှင်နိုင်ငံမှကြက်ခြေနီအသင်းတို့၏ ကွင်းဆင်း ကြီးကြပ်ရေးခရီးစဉ်များ၊ နည်းပညာများပံ့ပိုးမှုခရီးစဉ်များတွင် လိုအပ်သောပြင်ဆင်ဆောင်ရွက်မှုများကို ဆောင်ရွက်ပေးရမည်။

(၁၅) ကျန်းမာရေးအရာရှိနှင့် သက်ဆိုင်ရာ ကြီးကြပ်သူများမှ ပေးအပ်သောတာဝန်များအား ကျေပွန်စွာဆောင်ရွက်ပေးရမည်။

## <u>လိုအပ်သောအရည်အချင်းများ</u>

- **တက္ကသိုလ်ဝင်တန်းအဆင့်အောင်မြင်ပြီးသူဖြစ်ရမည်။ တက္ကသိုလ်မှဘွဲ့ရ ဦးစားပေးမည်။**
- လူထုအခြေပြုကျန်းမာရေးလုပ်ငန်းများတွင် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- ကွန်ပျူတာ အခြေခံ ကျွမ်းကျင်သူဖြစ်ရမည်။
- လူမှုဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။
- စီမံချက်လုပ်ငန်းများကို ထိထိရောက်ရောက်နှင့် အချိန်ပြည့်တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- မြန်မာစာအား ကောင်းမွန်စွာ ရေးသားပြောဆိုတတ်သူဖြစ်ရမည်။
- အင်္ဂလိပ်စာ ရေးသားပြောဆိုတတ်သူကို ဦးစားပေးမည်။

- မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် စေတနာ့လုပ်အားရှင်အဖြစ် ပါဝင်ဆောင်ရွက်ဖူးသူကို ဦးစားပေးမည်။
- မော်တော်ဆိုင်ကယ်အား ကျွမ်းကျင်စွာနှင့် လုံခြုံစိတ်ချစွာ မောင်းနှင်နိုင်သူ ဖြစ်ရမည်၊ သက်တမ်းမကုန်သေးသောယာဉ်မောင်းလိုင်စင်ရှိရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ ဆောင်ရွက်နိုင်ရမည်။
- ကြက်ခြေနီအခြေခံမူ (၇) ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီလခြမ်းနီအခြေခံမူများကိုနားလည်လက်ခံပြီး တက်ကြွစွာ မြှင့်တင်လိုစိတ်ရှိသူ ဖြစ်ရမည်။
- ကြက်ခြေနီနှင့် လခြမ်းနီ လူမှုကရုဏာလုပ်ရှားမှုများတွင် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

*****စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်-**

| | |
|---|---|
| **မြန်မာနိုင်ငံကြက်ခြေနီအသင်း** | **မြန်မာနိုင်ငံကြက်ခြေနီအသင်း** |
| **ရုံးချုပ်** | **ရုံးခွဲ** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊** | **အမှတ် (၄၂)၊** |
| | **ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊** |
| **နေပြည်တော်။** | **ရန်ကုန်။** |

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့လိပ်မူကာ ပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**